

# တိုက်ပွဲမရှိရင် အောင်ပွဲမရှိဘူး

(မြန်မာနိုင်ငံ လူ့စည်း၊ဘီလူးစည်း၊နှင့် ၂၀၁၅ရွေးကောက်ပွဲ)

အောင်သာ(PPP)

## စာရေးသူ၏ အမှာ

၁။သမိုင်းအကွေ့နဲ့ ယုံကြည်မှုအရွေ့ (အောင်ညွန့်သာ)

၂။ရန်ကုန်တက္ကသိုလ်ကျောင်းတိုက်ကြီးရဲ့ ၆ဂ စုနှစ် ပုံရိပ်များ (ဉာဏ်မောင်ချစ်)

၃။နိုင်ငံရေးသမား ဖြစ်ချင်တယ်ဆိုရင် (အောင်သာ PPP)

၄။စူပါပါဝါတို့ ၏ မဟာဗျူဟာ အရွေ့အပြောင်းများ (စံအိမ်)

၅။စစ်တပ်ဆိုတာ အာဏာပါပဲ (အောင်သာ PPP)

၆။စစ်အာဏာရှင်ခေတ် မြန်မာနိုင်ငံအကျဉ်းထောင်စနစ် (အောင်သာ PPP၊ အောင်စောဦး)

စာအုပ် ၆ အုပ် ထုတ်ဝေခဲ့ပြီး ဖြစ်ပါတယ်။ ယခုထပ်မံ၍ ဤစာအုပ်ကို ထုတ်ဝေလိုက်ပါ တယ်။ ငွေကြေးအကျိုးအမြတ်ထက် စစ်အာဏာရှင်စနစ် ဖျက်သိမ်းရေး၊ ဒီမိုကရေစီရေးတိုက်ပွဲ အကျိုးအမြတ်အတွက်သ ရည်စူးထုတ်ဝေပေးတဲ့ 'ယဉ်မျိုးစာအုပ်တိုက်' အား အထူးကျေးဇူးတင် ရပါတယ်။

အောင်သာ (PPP)

ဧပြီ ၁၁၊ ၂၀၁၄

ဖုန်း - ၀၉ ၇၃၀ ၅၅ ၄၈၆

***

# ပုဂ္ဂလလူ၊ သီဝရီနဲ့ ပါရာဒိုင်း

စာရေးသူရဲ့ အသက်ဟာ မြန်မာ့လွတ်လပ်ရေးထက် ၁၀ နှစ်ကြီးပါတယ်။ စာရေးသူဟာ လယ်ကူလီမိသားစုမှ လူဖြစ်လာတဲ့ သူပါ။ အဖေ့ကျေးဇူးကြောင့် မြစ်ဝကျွန်းပေါ် နယ်မြို့လေး တစ်မြို့ရောက်လာပြီး ဘုန်းကြီးကျောင်းရဲ့ ကြည့်ရှုစောင့်ရှောက်မှုနဲ့ ကြီးပြင်း လာပြီး (အ) သုံးလုံး ကျေခွင့်ရခဲ့တယ်။ နေရေး စားရေးအတွက် မိဘနှစ်ပါးနှင့်အတူ ဒိုးတူပေါင်ဖက် လုပ်ကိုင် စားသောက်ခဲ့ရတယ်။ ၁၉၄၉ နဲ့ ၁၉၅၃ ခုနှစ်အတွင်းမှာ အလယ်တန်းအောင်မြင်ခဲ့တယ်။ ဒီကာလ အတွင်းမှာ ပဲ ကျောင်းသားသမဂ္ဂနဲ့ မာ့က်စ်ဝါဒကို ထိတွေ့ခွင့်ရခဲ့ပါတယ်။ ဆင်းရဲခြင်းနဲ့ ချမ်းသာခြင်း နှစ်မျိုးကို လက်တွေ့သိမြင်လာခဲ့တယ်။ အာဏာရှိသူနဲ့ မရှိသူအကြား တစ်တန်းတည်း မရှိမှုကို (ဘဝအရ) သိလာခဲ့ပါတယ်။ အလယ်တန်းနဲ့ အ ထ က် တ န်း ကျော င်း သား ဘ ဝ မှာ မြို့နယ် ကျောင်းသားသမဂ္ဂခေါင်းဆောင် ဖြစ်လာခဲ့တယ်။ ၁၉၅၆-၆၂ ခုနှစ်အကြားမှာ ရန်ကုန်တက္ကသိုလ် ကျောင်းသားနဲ့ ဗကသ၊ တကသ၊ တပ်ဦးကျောင်းသားသမဂ္ဂခေါင်းဆောင် ဖြစ်လာပါတယ်။ လွတ်လပ်ရေးခေတ် မြန်မာ့ခေတ်သစ်နိုင်ငံရေးနဲ့ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီအရေး၊ အလုပ်သမား၊ လယ်သမား၊ ပညာတတ်များ Intellignetsia ရဲ့ လူ့အခွင့်အရေးတိုက်ပွဲများ အကြောင်းကို သိနားလည်လာခဲ့ရပါတယ်။

မိမိရဲ့ ဘဝဖြတ်သန်းမှု၊ မိမိ မိသားစုရဲ့ ဘဝဖြတ်သန်းမှု၊ Society in general ယေဘုယျ လူ့အဖွဲ့အစည်းကြီးအတွင်းမှာ အမှန်တကယ်တည်ရှိနေတဲ့ ရှိသူ မရှိသူ၊ ဆင်းရဲသူနဲ့ ချမ်းသာသူ လူမှုအစုများ တည်ရှိနေမှု၊ အာဏာရှိမှုနဲ့ အာဏာမရှိသူများ အခွင့်အရေးမတူညီမှု၊ တရားဥပဒေ နယ်ပယ်မှာ ငွေများ တရားနိုင်နေမှု၊ ဥပဒေ၊ တရားရုံး၊ အကျဉ်းထောင်၊ ရဲတပ်ဖွဲ့နဲ့ ရဲစခန်း၊ စစ်ပွဲနဲ့ စစ်တပ် စတဲ့ အကြမ်းဖက်ဖိနှိပ်ရေး ယန္တရားများ ဟာ အာဏာရှိသူ၊ ဥစ္စာဓနရှိသူ လူမှုအများ စု (လူတန်းစားများ ) ဘက်ကသာ တစ်နည်းမဟုတ် တစ်နည်း ကိုယ်စားပြုရပ်တည် အကာအကွယ် ပေးနေခဲ့ကြတာသာဖြစ်ကြောင်း လူ့သက်တမ်းနဲ့ အမျှ တွေ့ကြုံ၊ မြင်သိ၊ ခံစားခဲ့တာကြောင့် စာရေးသူဟာ ''Law of Class Struggle'' ဆိုတာကို ယုံကြည်ကိုင်စွဲကျင့်သုံးသူ ဖြစ်လာခဲ့ပါတယ်။ အတွေ့အကြုံများကို ဖြတ်သန်းရင်း ''တရား'' ကို စစ်ဆေး ''တရားကိုယ်ရဲ့ အလင်း'' နဲ့ ဖြစ်ရပ်များ ၊ အတွေ့အကြုံများ ရဲ့ ''အနှစ်သာရ'' ကို မိအောင်ဖမ်း၊ ဒီနည်းလမ်းနဲ့ အမှားအမှန် ခွဲခြားတဲ့ နည်းမှ တစ်ပါး အခြားမရှိပါဘူးဆိုတာကို သိလာခဲ့ပါတယ်။ ''လူတစ်ဦးချင်း'' နဲ့ လူ့အဖွဲ့အစည်း ဆက်ဆံရေး၊ လူလူချင်း ဆက်ဆံရေး၊ အတွေ့အကြုံများကို ပေါင်းချုပ်ရှင်းလင်းပြီး၊ တရားကိုယ် ထုတ်တဲ့ နည်း၊ 'သီဝရီ' ကို ဖော်ထုတ်တဲ့ နည်းမှ တစ်ပါး အခြားနည်းလမ်း တစ်စုံတစ်ရာ မရှိတတ် ပါဘူး။

စာရေးသူဟာ လူမှုအစုအစည်းများ ၊ လူ့သမဂ္ဂကြီးများ အကြားမှ လူမှုပဋိပက္ခများကို အကြမ်းတမ်းဆုံးနည်းအဖြစ်နဲ့ ဖြေရှင်းတဲ့ ''စစ်ပွဲ'' ဆိုတာကို တွေ့ကြုံခဲ့ဖူးသူပါ။ 'ဒုတိယစစ်ပွဲ စစ်မျက်နှာ' ဖြစ်တဲ့ 'အကျဉ်းထောင်စနစ်' ဆိုတာကိုလည်း ၂၅ နှစ်နီးပါး ကြုံတွေ့ခဲ့ဖူးသူပါ။

ရဲစခန်း၊ တရားရုံး၊ အကျဉ်းထောင်စနစ်၊ စစ်တပ်၊ စစ်ပွဲဆိုတာဟာ 'နိုင်ငံတော်' (State) ဆိုတာရဲ့ ပဓာန ကြန်အင်လက္ခဏာကြီးများ ဖြစ်ကြောင်း တွေ့သိလာခဲ့ပါတယ်။ ဒါတွေ စုစုပေါင်းကို တစ်ပေါင်းတည်း ပညတ်ရရင်တော့ State Apparatus ပါပဲ။ အကြမ်းဖက်မှု စုစုပေါင်းပါပဲ။ ဘယ်နိုင်ငံရေးစနစ် အောက်က နိုင်ငံတော်ပဲဖြစ်ဖြစ်ပါ။ 'နိုင်ငံတော်' ဆိုတာမှန်သမျှဟာ အကြမ်းဖက်တဲ့ ''ယန္တရားချည်းပါပဲ'' ။

ကမ္ဘာပေါ်မှာ ရှိတဲ့ ဘယ်လိုလူ့အဖွဲ့အစည်းမျိုးက နိုင်ငံတော်ယန္တရားပဲဖြစ်ဖြစ်၊ အာဏာရ အုပ်စိုးသူ လူတန်းစားတစ်ရပ်ရပ်ရဲ့ ဥဿုံအကျိုးစီးပွားကို ကာကွယ်တဲ့ ယန္တရားများမှ တစ်ပါး၊ အခြား ဘာမှ မဟုတ်ပါဘူး။ 'ဟုတ်နေသေးတယ်' လို့ အယူအစွဲ ရှိနေသေးတယ်ဆိုရင်လည်း ဒါဟာ Hallucination အမြင်မှောက်မှားမှုမှ တစ်ပါး၊ အခြား ဘာမှ မဟုတ်ပါဘူး။ ဒီ State Apparatus ဆိုတာကို ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံစည်းမျဉ်း ဥပဒေတစ်မျိုးမျိုးနဲ့ အကာအကွယ်ပေးထားကြတာ ချည်းပါပဲ။ ဒါကို ဒီမိုကရေစီအစိုးရလို့ ယုံနိုင်အောင် 'ကိုက်ပေး' ထားကြတာချည်းပါပဲ။

'ဒီမိုကရေစီဆိုတာ ဘာလဲ' ဆိုတာနဲ့ ပတ်သက်ပြီး ရှင်းလင်းတင်ပြထားတဲ့ ကျမ်းများ မရေမတွက်နိုင်လောက်အောင် များပြားလှပါတယ်။ အဲဒီ ကျမ်းများကို ကုန်အောင် လေ့လာဖတ်ရှု ဖြစ်ဖို့ ဆိုတာလည်း တကယ်က မဖြစ်နိုင်ပါဘူး။ ဒီမိုကရေစီကို လက်တွေ့ကျကျ စမ်းသပ်စစ်ဆေး နိုင်တဲ့ 'နယ်' က နှစ်ခုပဲ ရှိပါတယ်။ ပထမနယ်က 'နိုင်ငံတော်' နဲ့ 'နိုင်ငံသားတစ်ဦးချင်း' အကြားက ဆက်ဆံရေးပါပဲ။ နိုင်ငံတော်နဲ့ နိုင်ငံသားတစ်စုံတစ်ယောက်ကြားက

ဆက်ဆံရေးဟာ အကြွင်းမဲ့ တန်းတူပါသလား။ ဖြေကြစေချင်ပါတယ်။ ဒုတိယနယ်က 'နိုင်ငံသားအချင်းချင်းကြားက ဆက်ဆံရေး' ပါ။ ဒီဆက်ဆံရေးကရော အကြွင်းမဲ့ တန်းတူပါသလား။

ဒီမေးခွန်းနှစ်ခုကို အကြမ်းဖျင်း ဖြေကြားကြည့်ရင် ဘယ်လိုများ အဖြေထွက်ပါမလဲ။ နိုင်ငံတော်နဲ့ နိုင်ငံသားဆက်ဆံရေး၊ နိုင်ငံသားအချင်းချင်း ဆက်ဆံရေးဟာ 'တန်းတူမှုရှိတယ်' လို့ ဘယ်ဖွဲ့စည်းပုံကများ အာမခံချက် ပေးထားခဲ့ဖူးပါသလဲ။ ၁၉၄၇ ခုနှစ် ဥပဒေလား၊ ၁၉၇၄ ဥပဒေလား၊ ၂၀၀၈ ခုနှစ် ပူပူနွေးနွေး ဥပဒေလား။ အဖြေကတော့ ''No'' ပါ။ ဒါပေမယ့် ဒီမိုကရေစီ ဆိုတာရဲ့ တကယ့်အတွင်းသဘောကို အမှန်တကယ်တွေ့နိုင်တာက Family Unit မိသားစုယူနစ် ထဲမှာ ပါပဲ။ ဘယ်လို ကြိုတင်ပြဋ္ဌာန်းထားတဲ့ ဥပဒေမျိုးမှ မရှိဘဲ။ 'လောကပါလ တရားသူကြီး သုံးပါး အမှန်တကယ်တည်ရှိတာဟာ မိသားစုယူနစ်ပဲ ဖြစ်ပါတယ်။ လောကပါလ တရားသူကြီး သုံးပါးဟာ မိသားစုယူနစ်ထဲမှာ 'ယဉ်ကျေးမှုအကျင့်ဓလေ့' အဖြစ် တည်ရှိနေတာဖြစ်ပါတယ်။ မိသားစုယူနစ် ထဲမှာ အခြေခံအားဖြင့် Antagonistic Contradiction ရန်ဘက်ပဋိပက္ခများ မရှိတတ်ပါ။ မိသားစု ယူနစ်များ စတင်ဖွဲ့စည်းမိကတည်းက ရန်ဘက်သဘောဆောင်တဲ့ အကျိုးစီးပွား ပဋိပက္ခများ ဖြစ်တည်ခဲ့ခြင်း မရှိပါ။ ဒါကြောင့်လည်း မိသားစုယူနစ်များ နှစ်ရာထောင်ချီပြီး တည်တံ့နေခဲ့တာ ဖြစ်ပါတယ်။ Bourgeoisie Culture က ပုဂ္ဂလိကပိုင်စနစ်နဲ့ လူတစ်ကိုယ် တစ်မဲစနစ်ပါ။ ဈေးကွက် စီးပွားရေးစနစ်နဲ့ ပါတီစုံစနစ် နိုင်ငံရေးစနစ်က အရင်းရှင်ကုန်ထုတ်စနစ်ရဲ့ မောင်းနှင်အားပါ။ Motive Force ပါ။

'ဘ ဝ ထဲ မှာ တရားရှိတယ်' ။ တရားနဲ့ လည်း ဘဝကို

ဖတ်တတ်ရပါမယ်။ ဘဝနဲ့ တရားတို့ ရဲ့ အဆက်အစပ်ကို နေသားတကျ နေရာမချတတ်ရင် လူဟာ အဆုံးအစမရှိတဲ့ လောကကို နားလည်ဖို့ ၊ အဓိပ္ပာယ်ကောက်ဖို့ အခက်အခဲများကို မုချ ရင်ဆိုင်ရမှာ ဖြစ်ပါတယ်။ လူဟာ 'ဘဝ' နဲ့ 'တရား' တို့ ရဲ့ တစ်စည်းတစ်ပေါင်းတည်းလည်း ဖြစ်၊ သီးခြားလည်း ဖြစ်တဲ့ ရှိမှုနဲ့ သိမှုတို့ ရဲ့ အလုံးစုံ ခြုံတဲ့ သဘောသဘာဝများကို ပကတိအရှိကို နားလည်သိမြင်တဲ့ နေ့မှာ လူဟာ လောကကို အောင်နိုင်တဲ့ နေ့ပဲလို့ သိမှုဗေဒပညာရှင်များက မှတ်ယူခဲ့ကြပါတယ်။

လူဟာ အသိပညာ knowledge ဆိုတာကို

၁။ကုန်ထုတ်လုပ်မှု လုပ်ငန်းနယ်ပယ်။

၂။သဘာဝ သိပ္ပံ စူးစမ်းလေ့လာမှု လုပ်ငန်းနယ်ပယ်။

၃။ပဋိပက္ခပေါင်းစုံကို ကိုယ်စားပြုတဲ့ 'လူတန်းစားတိုက်ပွဲနယ်ပယ်' ၊ စတဲ့ လူမှု လုပ်ငန်းနယ်ပယ်ကြီး သုံးရပ်ကနေ သိရှိလာခဲ့တာဖြစ်ပါတယ်။ လူဟာ အသိပညာမှန်သမျှကို တစ်ကြိမ်တည်း၊ တစ်ခါတည်းနဲ့ သိရှိခဲ့တာမဟုတ်ပါဘူး။ မသိရာမှ သိရာသို့၊ တစ်ခုမှ အများ သို့၊ အရေအတွက်မှ အရည်အချင်းသို့၊ အမှားမှ အမှန်သို့၊ အတွေ့အကြုံမှ သီဝရီသို့ တဖြည်းဖြည်း တွေ့သိတိုးတက်ခဲ့တာ ဖြစ်ပါတယ်။

'သိမှု' အကြောင်းပြောကြပြီ ဆိုရင်တော့ ပညာသင်ကြားမှုအကြောင်း ပြောကြရပါမယ်။ စာရေးသူဟာ ၁၀ တန်းအောင်သည် အထိ ကျောင်းစာကို ရှစ်နှစ် သင်ကြားခဲ့ရပါတယ်။ ဝိဇ္ဇာတန်း အောင်သည် အထိ ခြောက်နှစ် စာသင်ကြားခဲ့ရပါတယ်။ ၁၉၅၃-၁၉၆၃ အထိ ၁၀ နှစ်ကနေ ၁၉၇၂ ခုနှစ်အထိ Law of Violence ထဲ မှာ ပါခဲ့ပါတယ်။ လူတန်းစားတိုက်ပွဲရဲ့ ဒုတိယစစ်မျက်နှာလို့

သဘောထားခြင်းခံရတဲ့ မြန်မာနိုင်ငံ အကျဉ်းထောင်စနစ်ရဲ့ စမ်းသပ်မှု ခြောက်ကြိမ်၊ နှစ်ပေါင်း ၂၄ ကျော် 'ဒုက္ခရစရိယာ' ကျင့်ခဲ့ရပါတယ်။ ၁၉၅၃-၆၃ အလွတ်ပညာကျောင်းဆရာအဖြစ် အသက်မွေးဝမ်းကျောင်းပြုခဲ့တယ်။

ဒီလို လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးဖြစ်စဉ်များ နဲ့ စုဖွဲ့ထားတဲ့ သူ့လူမှုဘဝစုစုပေါင်းက သူ့အတွက် ဘယ်လို လူမှုအသိတရားမျိုးကိုများ ပြဋ္ဌာန်းပေးခဲ့ပါသလဲ။ ဒီတော့ သူ့လူမှုဘဝက ဒီဘဝနဲ့ လိုက်လျောညီထွေဖြစ်တဲ့ သူ့လူမှု အသိတရား (Social Conscious) ကို ပြဋ္ဌာန်းပေးမှာပါပဲ။ ဒါမှ သာ 'ဖြစ်မှု' နဲ့ 'သိမှု' တို့ ရဲ့ တစ်စည်းတစ်ပေါင်းတည်းဖြစ်တဲ့ Synthesis ကို ထင်ဟပ်မှာ ဖြစ်ပါတယ်။ 'ဘဝက အသိကို ပြဋ္ဌာန်းတယ်' ဆိုတာ ဒါပြောတာပါ။ ဒါဟာ လောကလုံးဆိုင်ရာ အမှန်တရားပါပဲ။ Universal Law ပါပဲ။

မြန်မာ့လူ့အဖွဲ့အစည်းကို တစ်ချက်ကြည့်ရအောင်ပါ။ ဦးစွာ စာရေးသူနဲ့ ပတ်သက်တဲ့ နယ်ကို စဉ်းစားပြခဲ့ပါတယ်။ ဒါဟာ Particularity ပါ။ ဒီတော့ ပိုပြီး ကျယ်ဝန်းတဲ့ Society at Large လူ့အဖွဲ့အစည်းတစ်ခုလုံးနဲ့ ပတ်သက်တဲ့ Universality ကိုပါကြည့်ရင် ခုလိုတွေ့ရမှာ ပါ။ မြန်မာ့လူ့အဖွဲ့အစည်းမှာ ဒီကနေ့အထိ Feudal Mode of Production ကို Reform မလုပ်ရသေး ပါဘူး။ ပဒေသရာဇ် မြေယာကုန်ထုတ်စနစ်ဟာ ပြုပြင်ပြောင်းလဲမှု မလုပ်ရသေးပါဘူး။

၁။လယ်သမားများ ဟာ ကျဉ်းမြောင်းတဲ့ မြေယာလုပ်ကွက်များ နဲ့ ကုန်ထုတ်လုပ်နေကြ ရဆဲပါပဲ။

၂။လူအားနဲ့ တိရစ္ဆာန်အားဟာ မြေယာကုန်ထုတ်လုပ်မှုရဲ့ အဓိကလက္ခဏာ ဖြစ်နေရ ဆဲပါပဲ။ စက်အားဟာ အဓိကနေရာမှာ

မရှိသေးပါဘူး။

၃။မြေယာကုန်ထုတ် လုပ်သားကြီးများ ဖြစ်တဲ့ ဆင်းရဲသားလယ်သမားများ နဲ့ လယ်ကူလီများ ရဲ့ ဆင်းရဲမွဲတေမှုဟာ မြေယာကုန်ထုတ်စနစ်ရဲ့ ပဒေသရာဇ်လက္ခဏာကို အထင်ရှားဆုံး ထင်ဟပ်တဲ့ ထင်ဟပ်ချက်ဖြစ်ပါတယ်။

ဗမာပြည်မှာ စတင်သန္ဓေတည်လာတဲ့ ဒေသဆိုင်ရာ အရင်းရှင်စနစ် (Local Capitalism) ဆိုတာဟာ ဗြိတိသျှနယ်ချဲ့စနစ် ကိုလိုနီစနစ်နဲ့ ပုံသွင်းပေးထားတဲ့ အရင်းရှင်စနစ်သာ ဖြစ်ပါတယ်။ အဲဒီ လို အရင်းရှင်စနစ်အခြေခံပေါ်မှာ စစ်အုပ်စုက လက်ဝါးကြီးအုပ်ထားတဲ့ စစ်ဗျူရိုကရက် လက်ဝါးကြီးအုပ် အရင်းရှင်စနစ်ကို ၁၉၆၇ ခုနှစ်ကတည်းက ဒီကနေ့အထိ ထူထောင်ထားတာ ဖြစ်ပါတယ်။ ဗျူရိုကရက်အရင်းဆိုတာဟာ 'အာဏာနဲ့ လက်ဝါးကြီးအုပ်ထားတဲ့ အရင်း' နဲ့ စစ်ဗျူရိုကရက် လက်ဝါးကြီးအုပ် အရင်းရှင်စနစ်သာ ဖြစ်ပါတယ်။ ဒီအရင်းထဲမှာ -

၁။S.O.E လုပ်ငန်းများ ပါပါတယ်။

၂။မြန်မာ့ဦးပိုင်ကုမ္ပဏီ ပါပါတယ်။

နာမည်မျိုးစုံနဲ့ ၁၉၆၂-၁၉၈၈၊ ၂၆ နှစ်အတွင်းမှာ တိုင်းပြည်ဟာ LDC နိုင်ငံဖြစ်သွားပါတယ်။ အမျိုးသားပေါင်းစုံ မြန်မာလူထုကြီးဟာ ဖွတ်ကြောပြာစု၊ ခရုဆံကျွတ် ဖြစ်သွားခဲ့ပါတယ်။ ဗမာပြည်က သန်းကြွယ်သူဌေး ၄၀ ထဲမှာ စစ်တပ်က တပ်မှူးစစ်ကဲကြီး ၂၆ ယောက်နဲ့ သူတို့ ရဲ့ ခရိုနီကြီးများ ပါပါတယ်လို့ လေ့လာရေးအဖွဲ့တစ်ဖွဲ့က လေ့လာတွေ့ရှိခဲ့ပါတယ်တဲ့ ။ မြို့နဲ့ ကျေးလက်နေ ဆင်းရဲသားလူထုဟာ လူဦးရေရဲ့ ၇၂

ရာခိုင်နှုန်းရှိပါတယ်။ ၄၃ ဒသမ ၃ သန်း ရှိပါတယ်။ ဒီလူဦးရေရဲ့ ဆင်းရဲမှုချောက်ကမ်းပါးဟာ ကျယ်လည်း ကျယ် လာပြီး ပိုပြီးတော့လည်း နက်လာခဲ့ပါပြီ။ ကြံ့ဖွံ့အစိုးရရဲ့ အုပ်ချုပ်မှုသက်တမ်းဟာ သုံးနှစ်ပြည့်ပါတော့မယ်။ ဒါပေမယ့် ရန်ကုန်မြို့ကနေ ဆင်းရဲသားလူထုအတွက်ပြောရရင် ဘတ်စ်ကားတောင် ချောင်ချောင် မစီးရသေး ဘူးလို့ ဘတ်စ်ကားပေါ်မှာ ပြောတာကို ကြားခဲ့ရပါတယ်။ ဒီဆင်းရဲသားလူထုကြီးရဲ့ သာမှုနာမှုကို အာဏာရကြံ့ဖွံ့ပါတီက ဘာမှ မပြောသလို ကြံ့ဖွံ့အစိုးရရဲ့ မိတ်ဖက်ပါတီဖြစ်လာနေတဲ့ ဒီ/ချုပ်နဲ့ သူ့ခေါင်းဆောင်ကလည်း ဘာပြောသံမှ မကြားရသလောက်ပါပဲ။ ၂၀၀၈ ဖွဲ့စည်းပုံဥပဒေကို မပြင်ဘူးဆိုရင် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ဖို့ မဖြစ်နိုင်ပါဘူး။ ၂၀၁၅ ခုနှစ်မှာ ကျင်းပမယ့် ရွေးကောက်ပွဲဟာလည်း ဒီမိုကရေစီကျတဲ့ ရွေးကောက်ပွဲမဖြစ်နိုင်ပါဘူးလို့ ဒီ/ချုပ်ဥက္ကဋ္ဌက သူ့ အ ရှေ့ ဥ ရော ပ ခ ရီး စ ဉ် မှာ ပွင့်ပွင့်လင်းလင်း ပြောခဲ့ပါတယ်။ ဒီအလုပ်တွေ အကောင်အထည်ဖြစ်ဖို့ ဘယ်နည်းဘယ်ပုံ ဆောင်ရွက်မှာလဲ။ လွှတ်တော်တွင်းနည်းလား၊ လွှတ်တော်ပြင်ပနည်းဖြစ်တဲ့ လူထုနဲ့ ဖိအားပေး တောင်းဆိုမှာ လားဆိုတာတော့ ဘာမှ မပြောပါဘူး။ ကြံ့ဖွံ့အစိုးရကရော ဒီ/ချုပ်ကပါ လူထုတိုက်ပွဲနည်းနဲ့ နိုင်ငံရေးပြဿနာများကို ဖြေရှင်းတာကို ကြိုက်ကြပုံမရပါဘူး။ ဒီနည်းကို ကြံ့ဖွံ့အစိုးရကတော့ 'လက်ဝဲနည်း' လို့ သဘောထားမှာ သေချာပါတယ်။ ဒီ/ချုပ်ဥက္ကဋ္ဌ ကရော ဘယ်လိုသဘောထားမလဲ မသိပါ။ သူကလည်း အောက်စ်ဖို့ ကျောင်းထွက်ဆိုတော့ ပါလီမန်ပြင်ပ နိုင်ငံရေးတိုက်ပွဲကို ကြိုက်ချင်မှ ကြိုက်မှာ ပါ။ ဒါကတော့ သူတို့ ရဲ့ နိုင်ငံရေးကံကြမ္မာ ပါပဲ။

လက်ငင်းမှာ မြန်မာ့နိုင်ငံရေးလောကဟာ ပြဿနာကြီးသုံးရပ် မီးခဲကြီး သုံးခဲကို ကိုင်ထား ကြရပါတယ်။ ပထမမီးခဲကတော့ ၂၀၀၈ ဖွဲ့စည်းပုံပြင်ဆင်ရေးမီးခဲပါ။ လူမျိုးစုံ တိုင်းရင်းမျိုးနွယ်စု များက ဖွဲ့စည်းပုံအသစ်ရေးဆွဲဖို့ ပြောနေကြတာပါ။ ဒုတိယမီးခဲကတော့ တရားမျှတပြီး ကျိုးကြောင်းဆီလျော်မှုလည်း ရှိ၊ ရေရှည်လည်း အာမခံချက်ရှိတဲ့ အပစ်အခတ်ရပ်စဲရေး သဘော တူညီချက်များ ရရှိပြီး၊ နိုင်ငံရေးပြဿနာများကို ဆက်လက်ဆွေးနွေးကြရန် သဘောတူညီချက်များ ရရှိကြဖို့ ဖြစ်ပါတယ်။ ကြံ့ဖွံ့အစိုးရက လာမယ့် အောက်တိုဘာလ မှာ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်လက်မှတ်ရေးထိုးပွဲကြီး ကျင်းပချင်နေပါတယ်။ ဒီကိစ္စကို UNFC က လုပ်ချင်ပုံ မရပါ။ တတိယမီးခဲကတော့ ပြာဖုံးနေတဲ့ မီးခဲပါ။ မြို့နဲ့ တောနေ ဆင်းရဲသားလူထုကြီးရဲ့ ဆင်းရဲမွဲတေမှု ချောက်ကမ်းပါးကြီး ကျယ်သည် ထက် ကျယ် လာပြီး နက်သည် ထက် နက်လာတဲ့ လူမှုရေးပြဿနာကြီး ဖြစ်ပါတယ်။ ဒီလူမှုပြဿနာကြီးဟာ အချိန်မရွေး ထပေါက်နိုင်တဲ့ ''Social Time-bomb'' ပါ။ လွန်ခဲ့တဲ့ ဇွန်လ ၁ ရက်နေ့မှာ ပြောကြားတဲ့ သမ္မတကြီးရဲ့ နိုင်ငံတော်အခြေပြု မိန့်ခွန်းမှာ မြန်မာ့အခြေခံအတန်းစား လူထုကြီးရဲ့ ဆင်းရဲမွဲတေမှုပြဿနာ ဦးစားပေးဖြေရှင်းရေး ဟာ သူ့အစိုးရရဲ့ ဦးစားပေးပြဿနာ၊ ဆင်းရဲချမ်းသာကွာဟမှုပြဿနာ ဦးစားပေးဖြေရှင်းရေးဟာ သူ့အစိုးရရဲ့ ဦးစားပေးပြဿနာပါပဲလို့ ပြောသွားခဲ့ပါတယ်။ သမ္မတကြီးက သူတို့ တပ်မှူး၊ စစ်ကဲကြီး များ နဲ့ သူတို့ မိသားစုဝင်များ ၊ သူတို့ ရဲ့ ခရိုနီကြီးများ ကျိကျိတက်ချမ်းသာနေကြပြီး မလိုပဲရနေကြတာကိုများ သတိရသွားပြီး ဆင်းရဲသူ ဆင်းရဲသားလူထုများ မွဲပြာကျနေတာကို ဘယ်လိုများ တွေးမိသွားသလဲ မသိနိုင်တော့ပါ။ သူ့

လယ်/ဆည်ဝန်ကြီးကတော့ လယ်သမားတွေ ထမင်း တစ်နပ်လျှော့စားပြီး အစိုးရကြွေး ဆပ်ကြပါလို့ မရှက်မကြောက် ပြောခဲ့ပါတယ်။ မြန်မာဆင်းရဲသား လယ်သမားလူထုကြီးဟာ ဗြိတိသျှနေမဝင်အင်ပါယာကို ဓားနဲ့ ခံခုတ်ခဲ့ကြတာ ၄၇ ခုနှစ်မှာ ပျဉ်းမနား၊ တောင်ညို၊ လယ်ဝေး လယ်သမားသူပုန်ကြီး ထခဲ့တာကို မမေ့ကြပါနဲ့ ။

၈၈ ဒီမိုကရေစီအရေးတော်ပုံကြီးအတွင်းမှာ မြို့နေဆင်းရဲသားလူထုကြီးဟာ ''ရရင် ရ၊ မရရင် ချ'' လို့ ကြွေးကြော်ရင်း အသက်စွန့်သွားခဲ့ကြတာကို မမေ့ကြပါနဲ့ ။

လူထုပုံရိပ်ဂျာနယ်

အတွဲ ၂၊ အမှတ် ၂

***